
# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
# ဗဟိုစာရင်းအင်းအဖွဲ့

MYANMAR CSO

CENTRAL STATISTICAL ORGANIZATION




## ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်း
## မြန်မာနိုင်ငံ၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း
## အခြေအနေ

၂၀၁၇ ခုနှစ် ဒီဇင်ဘာလ

အကြောင်းအရာ။ **၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွက် တစ်နိုင်ငံလုံး၏ ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေ တင်ပြခြင်း**

၁။ **စားသုံးသူဈေးဆနှုန်း၏ လအလိုက်ပြောင်းလဲမှုအခြေအနေမှာ** ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် တွက်ချက်ထားသော **၂၀၁၇ ခုနှစ် နိုဝင်ဘာလ** အတွက် တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းမှာ အစားအစာအုပ်စုအတွက် ၁၅၀.၂၃၊ အစားအစာမဟုတ်သော အုပ်စုအတွက် ၁၁၉.၅၁ နှင့် **အုပ်စုအားလုံးအတွက် ၁၃၇.၅၀** ရှိပါသည်။ **၂၀၁၇ ခုနှစ် အောက်တိုဘာလ၏** အခြေအနေမှာ ၁၃၅.၇၀ ရှိခဲ့ပြီး၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလနှင့် နှိုင်းယှဉ်ပါက ၁.၃၃% မြင့်တက်လာပါသည်။ Core Inflation တွက်ချက်ရန် လိုအပ်သည့် အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **စားသုံးသူဈေးဆနှုန်း(Core CPI) မှာ ၁၁၆.၄၃** ဖြစ်ရာ **၂၀၁၇ ခုနှစ် အောက်တိုဘာလ၏** Core CPI ဖြစ်သည့် **၁၁၅.၇၇** နှင့် နှိုင်းယှဉ်ပါက ရာခိုင်နှုန်း အနည်းငယ် မြင့်တက်လာပါသည်။

၂။ **စားသုံးသူဈေးဆနှုန်း၏ နှစ်အလိုက် ပြောင်းလဲမှုအခြေအနေမှာ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ**၏ စားသုံးသူဈေးဆနှုန်းမှာ **၁၃၇.၅၀** ဖြစ်သဖြင့် **၂၀၁၆ ခုနှစ် နိုဝင်ဘာလ၏** အခြေအနေ **၁၃၁.၆၁** နှင့် နှိုင်းယှဉ်ပါက **၄.၄၇%** မြင့်တက်လာပါသည်။ အလားတူ **၂၀၁၇ ခုနှစ် နိုဝင်ဘာလ၏ Core CPI မှာ ၁၁၆.၄၃ ဖြစ်ရာ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ၏** Core CPI အခြေအနေ **၁၁၁.၇၈** နှင့် နှိုင်းယှဉ်ပါက **၄.၁၆%** မြင့်တက်ခဲ့ပါသည်။

၃။ **၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် အစားအစာအုပ်စု**(Food) ၏ ဈေးဆနှုန်းမှာ **၁၅၀.၂၃** ဖြစ်သဖြင့် ယခင်လကထက် **၁.၄၃%** မြင့်တက်လာပါသည်။ မီးဖိုချောင်သုံးကုန်ပစ္စည်းဖြစ်သည့် ကြက်သွန်ဖြူဈေးနှုန်းများ ကျဆင်းနေသော်လည်း၊ ကြက်သွန်နီဈေးနှုန်းမှာ သိသာစွာ မြင့်တက်နေပါသည်။ ထို့ ပြင် အခြားစားသောက်ကုန်များဖြစ်သည့် ဆန်(ဧည့်မထ)၊ နမ်းဆီ၊ ကြက်သား၊ ဝက်သား၊ ဘဲသား၊ ဆိတ်သား၊ ကြက်ဥ၊ ငါးကြင်း၊ ငါးသလောက်၊ ငါးပိ၊ ငံပြာရည်၊ ငါးရံ့ ခြောက် ငါးခြောက်အမျိုးမျိုး၊ ကုလားပဲခြမ်း၊ ပဲကြီးနှင့် ငရုတ်သီးခြောက်(အရှည်)အပါအဝင် ဟင်းသီး ဟင်းရွက်များ ဖြစ်သော ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်၊ ခရမ်းချဉ်သီးနှင့် ခရမ်းသီး ဈေးနှုန်းများ မြင့်တက်လျက်ရှိသည်ကို တွေ့ ရှိရပါသည်။

၄။ **၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် အစားအစာမဟုတ်သောအုပ်စု** (Non Food) ၏ ဈေးဆနှုန်းမှာ **၁၁၉.၅၁** ဖြစ်သဖြင့် ယခင်လနှင့် နှိုင်းယှဉ်ပါက **၁.၁၂%** မြင့်တက်လျက်


ရှိပါသည်။ ယင်းအုပ်စုအတွင်းရှိ သယ်ယူပို့ဆောင်ရေးအုပ်စုတွင် ပါဝင်သော ဒီဇယ်နှင့် ဓာတ်ဆီဈေးနှုန်းတို့မှာ သိသိသာသာမြင့်တက်လျက်ရှိပါသည်။ ကျန်ကုန်ပစ္စည်းအုပ်စုများတွင် ပါဝင်သည့် အရက်နှင့် ဘီယာဈေးနှုန်းများ၊ ကွမ်းသီးနှင့်ကွမ်းရွက်ဈေးနှုန်းများ၊ ဆေးဈေးနှုန်းများ၊ သွပ်၊ အုတ်နှင့် ဘိလပ်မြေဈေးနှုန်းများ၊ ဗလာစာအုပ်နှင့်ဂျာနယ်ဈေးနှုန်းများမှာ ယခင်လကထက် မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။


၅။ **၂၀၁၇ ခုနှစ် နိုဝင်ဘာလအထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း(Annual Rate of Inflation) မှာ ၄.၇၉%** ဖြစ်ပြီး၊ အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Core Inflation) မှာ ၃.၄၃%** ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။


(ဒေါက်တာဝါဝါမောင်)


ညွှန်ကြားရေးမှူးချုပ်

# တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း ပုံပြကားချပ်



**တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန္ဒနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြချက်**

**(၂၀၁၇ ခုနှစ် နိုဝင်ဘာလ)**

**မာတိကာ**


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အပိုင်း(က)** | |
| | **၂၀၁၇ ခုနှစ် အောက်တိုဘာလ နှင့် ၂၀၁၇ ခုနှစ် နိုဝင်ဘာလ** | |
| | **စားသုံးသူဈေးဆန္ဒနှုန်းနှိုင်းယှဉ်ချက်** | |
| ၁ | စုစုပေါင်းစားသုံးသူဈေးဆန္ဒနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁ |
| ၂ | အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၁ |
| | **အပိုင်း(ခ)** | |
| | **၂၀၁၆ ခုနှစ် နိုဝင်ဘာလ နှင့် ၂၀၁၇ ခုနှစ် နိုဝင်ဘာလ** | |
| | **စားသုံးသူဈေးဆန္ဒနှုန်းနှိုင်းယှဉ်ချက်** | |
| ၁ | စုစုပေါင်းစားသုံးသူဈေးဆန္ဒနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၆ |
| ၂ | အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၆ |
| ၃ | ဈေးနှုန်းပြောင်းလဲမှုများကိုခြုံငုံသုံးသပ်တင်ပြခြင်း | ၁၀ |
| | **အပိုင်း(ဂ)** | |
| | **ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း** | |
| ၁ | ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း | ၁၃ |
| ဇယား ၁ | တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆန္ဒနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၅ |
| ဇယား ၂ | တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ ကြီး(၃)မြို့ ၏ စားသုံးသူဈေးဆန္ဒနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၆ |
| ဇယား ၃ | အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၇ |
| ဇယား ၄ | တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန္ဒနှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၈ |
| ဇယား ၅ | တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၉ |

## တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းစိစစ်ချက်

## အပိုင်း(က)

### ၂၀၁၇ ခုနှစ် အောက်တိုဘာလ နှင့် ၂၀၁၇ ခုနှစ် နိုဝင်ဘာလ စားသုံးသူဈေးဆနှုန်း နှိုင်းယှဉ်ချက်

### ၁။ စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)

၂၀၁၇ ခုနှစ် နိုဝင်ဘာလ အတွက် စားသုံးသူဈေးဆနှုန်းမှာ ၁၃၇.၅၀ ဖြစ်ရာ လွန်ခဲ့သော အောက်တိုဘာလ အခြေအနေ ၁၃၅.၇၀ နှင့် နှိုင်းယှဉ်ပါက ၁.၃၃% မြင့်တက်လာပါသည်။ အဓိက အားဖြင့် အစားအစာအုပ်စု၊ ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု၊ ကျန်းမာရေးအုပ်စု၊ ပြင်ပအစား အသောက်အုပ်စုနှင့် သယ်ယူပို့ ဆောင်ရေးအုပ်စုတို့ တွင် ကုန်ပစ္စည်းအချို့ ဈေးနှုန်းများမြင့်တက် လာ၍ ဖြစ်ပါသည်။

ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ အထိ တစ်နှစ်အတွင်း ပျမ်းမျှ ၄.၇၉% ဖြစ်ပေါ်ခဲ့ရာ လွန်ခဲ့သော အောက်တိုဘာလ အခြေအနေ ၄.၇၀% နှင့် နှိုင်းယှဉ်ပါက တိုးနှုန်းမှာ အနည်းငယ် ပြန်လည်မြင့်တက်လာသည်ကို တွေ့ ရှိရပါသည်။

### ၂။ အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း

၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူ ဈေးဆနှုန်းများကို ဇယား(၁)ဖြင့် အုပ်စုအလိုက်ဖော်ပြထားပြီး အောက်ပါအတိုင်း သုံးသပ် တင်ပြ အပ်ပါသည်။

#### (က) အစားအစာအုပ်စု

ဤအုပ်စုဈေးဆနှုန်းသည် လွန်ခဲ့သောလကထက် ၁.၄၃% မြင့်တက်လာ ပါသည်။ ယခုလတွင် နှမ်းဆီ ၀.၉၀% မြင့်တက်လာသော်လည်း စားအုန်းဆီ ဈေးနှုန်းမှာ အနည်းငယ်သာ ကျဆင်းလျက်ရှိပါသည်။ အလားတူ ဒညှင်းမထဆန် ဈေးနှုန်း ၂.၆၈%၊ ကြက်သား ၁.၉၂%၊ ဝက်သား ၀.၉၆%၊ ကြက်ဉ ၀.၄၅% နှင့် ငါးရံ့ခြောက် ၀.၄၁% ဈေးနှုန်းများ အသီးသီး မြင့်တက်လာကြောင်း တွေ့ ရှိ ရပါသည်။

မီးဖိုချောင်သုံးပစ္စည်းများတွင် ကြက်သွန်ဖြူဈေးနှုန်းများ ကျဆင်းလာသော်လည်း အာလူး၊ ကြက်သွန်နီနှင့် ငရုတ်သီးခြောက်ဈေးနှုန်းများ မြင့်တက်လာပါသည်။ အလားတူ ပဲကြီး၊ ကုလားပဲခြမ်းဈေးနှုန်းများ အနည်းငယ် မြင့်တက်လာပါသည်။

ဟင်းသီးဟင်းရွက်များတွင် ကန်းစွန်းရွက်၊ ချဉ်ပေါင်ရွက်၊ ခရမ်းချဉ်သီးနှင့် ခရမ်းသီးဈေးနှုန်းများ မြင့်တက်လာသကဲ့သို့ အသီးအနှံများဖြစ်သော အုန်းသီး၊ သံပုရာသီးဈေးနှုန်းများ မြင့်တက်လာကြောင်း တွေ့ ရှိရပါသည်။

**(ခ) ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ၌ ၁၄၆.၃၆ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၃၂.၅၈ ဖြစ်သောကြောင့် ၁၀.၃၉%ဖြင့် သိသိသာသာ မြင့်တက်လာပါသည်။ ဤအုပ်စုအတွင်း၌ ပါဝင်သော ကုန်ပစ္စည်းဈေးနှုန်းများ အနက် အရက်၊ ဘီယာ၊ ဆေးလိပ်၊ ကွမ်းရွက်နှင့် ကွမ်းသီးခြမ်းဈေးနှုန်းများ မြင့်တက်ခဲ့၍ဖြစ်ပါသည်။

**(ဂ) အဝတ်အထည်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ၌ ၁၁၇.၈၅ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၁၇.၇၄ ဖြစ်သောကြောင့် ၀.၁၀% မြင့်တက်လာကြောင်းတွေ့ ရှိရပါသည်။ ဤအုပ်စုတွင် ပါဝင်သော အမျိုးသမီး/အမျိုးသား ဝတ်လုံချည်၊ ဆွယ်တာနှင့် ဖိနပ်ဈေးနှုန်းများ မြင့်တက်လာခြင်း ဖြစ်ပါသည်။

**(ဃ) အိမ်လခနှင့်အိမ်ပြင်ခအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ၌ ၁၃၈.၉၁ ရှိ၍၊ ယခင်လ၏ဈေးဆနှုန်းမှာ ၁၃၈.၄၀ ဖြစ်သောကြောင့် ၀.၃၆% မြင့်တက်လာပါသည်။ ဤအုပ်စုတွင်ပါဝင်သော သစ်မာ၊ ဝါး၊ သွပ်၊ အုတ်၊ ဘိလပ်မြေနှင့် အိမ်လခဈေးနှုန်းများမှာ ယခင်လကထက် အနည်းငယ် မြင့်တက်လာသည်ကို တွေ့ ရှိရပါသည်။ ပွင့်လင်းရာသီဖြစ်သောကြောင့် ဆောက်လုပ်ရေးလုပ်ငန်းများ

ပြန်လည်စတင် လုပ်ကိုင်လာသောကြောင့် အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ မြင့်တက်လာခြင်း ဖြစ်ပါသည်။

**(င) အိမ်အသုံးအဆောင်ပစ္စည်းနှင့်ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် နိုဝင်ဘာလ၌ ၁၁၆.၁၄ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၁၅.၈၇ ဖြစ်သောကြောင့် ၀.၂၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော သင်ဖြူးဖျာ၊ ခြင်ထောင်၊ စောင်နှင့် အိမ်အသုံးအဆောင်ပစ္စည်းများဖြစ်သော ထမင်းပေါင်းအိုး၊ ရေခဲသေတ္တာ၊ အဝတ်လျှော်ဆပ်ပြာ နှင့် ဆပ်ပြာမှုန့်ဈေးနှုန်းများ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

**(စ) ကျန်းမာရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ၌ ၁၃၆.၃၁ ရှိ၍၊ ယခင်လ၏ဈေးဆနှုန်းမှာ ၁၃၅.၆၆ ဖြစ်သောကြောင့် ၀.၄၈% မြင့်တက်လျက်ရှိပါသည်။ ဤအုပ်စုတွင်ပါဝင်သော ဆေးဈေးနှုန်း၊ ဆရာဝန်ပြသခနှင့် ဆေးကုသခစရိတ်များ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

**(ဆ) သယ်ယူပို့ ဆောင်ရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် နိုဝင်ဘာလ၌ ၁၀၁.၂၈ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၀၀.၀၉ ဖြစ်သောကြောင့် ၁.၁၉% ဆက်လက်မြင့်တက်လျက် ရှိပါသည်။ ယင်းအုပ်စုဈေးဆနှုန်းတွင် ပါဝင်သော ဒီဇယ်ဆီ တစ်ဂါလံလျှင် ၃၄၄၈.၀၇ ကျပ် မှ ၃၅၉၄.၆၉ ကျပ်၊ ဓာတ်ဆီတစ်ဂါလံလျှင် ၃၆၁၄.၆၄ ကျပ် မှ ၃၇၃၅.၂၃ ကျပ်သို့ ဈေးနှုန်းအသီးသီး မြင့်တက်လာပါသည်။ အလားတူ မော်တော်ဆိုင်ကယ်နှင့် ဘတ်(စ်)ကားခဈေးနှုန်းများလည်း မြင့်တက်လာခဲ့ပါသည်။

**(ဇ) ဆက်သွယ်ရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် နိုဝင်ဘာလ၌ ၁၀၂.၈၀ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၀၂.၇၈ ဖြစ်သောကြောင့် သိသာစွာ ပြောင်းလဲခြင်း

မရှိပါ။ ဤအုပ်စုတွင် ပါဝင်သော တယ်လီဖုန်းနှင့် မိုဘိုင်းဖုန်း ဈေးနှုန်းများ အနည်းငယ်သာမြင့်တက်လာခဲ့ပါသည်။

**(ဈ) အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု**

**ယင်းအုပ်စုဈေးဆန္ဒနှုန်းမှာ** ၂၀၁၇ ခုနှစ် နိုဝင်ဘာလ၌ ၁၀၆.၃၁ ရှိ၍၊ ယခင်လ၏ ဈေးဆန္ဒနှုန်းမှာ ၁၀၆.၁၃ ဖြစ်သောကြောင့် ရာခိုင်နှုန်း အနည်းငယ်သာ မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော သတင်းစာ၊ ဂျာနယ်နှင့် ဗလာစာအုပ်ဈေးနှုန်းများမှာ ယခင်လကထက် အနည်းငယ်သာ မြင့်တက်လာသည့် အတွက် ဖြစ်ပါသည်။

**(ည) ပညာရေးအုပ်စု**

**ယင်းအုပ်စုဈေးဆန္ဒနှုန်းမှာ** ၂၀၁၇ ခုနှစ် နိုဝင်ဘာလ၌ ၁၂၂.၅၃ ရှိ၍၊ ယခင်လ၏ ဈေးဆန္ဒနှုန်းမှာ ၁၂၂.၅၃ ဖြစ်သောကြောင့် ပြောင်းလဲမှု မရှိဘဲ တည်ငြိမ်လျက်ရှိပါသည်။ ဤအုပ်စုတွင် ပါဝင်သည့် ကုန်ပစ္စည်းဈေးနှုန်းများ ပြောင်းလဲခြင်း မရှိခဲ့ပါ။

**(ဋ) ပြင်ပအစားအသောက်အုပ်စု**

**ယင်းအုပ်စုဈေးဆန္ဒနှုန်းမှာ** ၂၀၁၇ ခုနှစ် နိုဝင်ဘာလ၌ ၁၁၆.၁၉ ရှိ၍၊ ယခင်လ၏ ဈေးဆန္ဒနှုန်းမှာ ၁၁၄.၀၁ ဖြစ်သောကြောင့် ၁.၉၁% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုအတွင်း ပါဝင်သော မုန့် ဟင်းခါး၊ ခေါက်ဆွဲ၊ လက်ဖက်ရည်၊ ကော်ဖီနှင့် ကွမ်းယာဈေးနှုန်းများ မြင့်တက်လာခဲ့သောကြောင့် ဖြစ်ပါသည်။

**(ဌ) အထွေထွေကုန်ပစ္စည်းအုပ်စု**

**ယင်းအုပ်စုဈေးဆန္ဒနှုန်းမှာ** ၂၀၁၇ ခုနှစ် နိုဝင်ဘာလ၌ ၁၂၄.၂၀ ရှိ၍၊ ယခင်လ၏ ဈေးဆန္ဒနှုန်းမှာ ၁၂၄.၀၄ ဖြစ်သောကြောင့် ၀.၁၃% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ကိုယ်တိုက်ဆပ်ပြာ၊ သွားတိုက်ဆေး၊ သနပ်ခါး၊ မိတ်ကပ်နှင့် ထီးဈေးနှုန်းများမှာ ယခင်လကထက် မြင့်တက်လာခဲ့၍ဖြစ်ပါသည်။

## (၃) အစားအစာမဟုတ်သောအုပ်စု

**ယင်းအုပ်စုဈေးဆန္နန်းမှာ** ၂၀၁၇ ခုနှစ် နိုဝင်ဘာလ၌ ၁၁၉.၅၁ ရှိ၍၊ ယခင်လ၏ဈေးဆန္နန်းမှာ ၁၁၈.၁၉ ဖြစ်သောကြောင့် ၁.၁၂% မြင့်တက်လာခဲ့ပါသည်။ အစားအစာမဟုတ်သောအုပ်စုတွင် ပါဝင်သော အိမ်လခနှင့်အိမ်ပြင်ခအုပ်စု၊ ကျန်းမာရေးအုပ်စုနှင့် သယ်ယူပို့ဆောင်ရေးအုပ်စုဈေးနှုန်းများ မြင့်တက်လာသော်လည်း ကျန်အုပ်စု၏ ကုန်ပစ္စည်းဈေးနှုန်းများမှာ အပြောင်းအလဲ နည်းပါးခဲ့ကြောင်း တွေ့ ရှိရပါသည်။

## အပိုင်း(ခ)

## ၂၀၁၆ ခုနှစ် နိုဝင်ဘာလနှင့် ၂၀၁၇ ခုနှစ် နိုဝင်ဘာလ စားသုံးသူဈေးဆနှုန်း နှိုင်းယှဉ်ချက်

### ၁။ စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)

၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွက် စားသုံးသူဈေးဆနှုန်းမှာ ၁၃၅.၇၀ ဖြစ်ရာ လွန်ခဲ့သော ၂၀၁၆ ခုနှစ် နိုဝင်ဘာလ အခြေအနေ ၁၃၁.၆၁ နှင့် နှိုင်းယှဉ်ပါက ၄.၄၇% မြင့်တက်လာပါသည်။ အုပ်စုအားလုံးတွင် ပါဝင်သော ကုန်ပစ္စည်းဈေးနှုန်းများမှာ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက သိသာထင်ရှားစွာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ အထိ တစ်နှစ်အတွင်း ပျမ်းမျှ **၄.၇၉%** ဖြစ်ပေါ်ခဲ့ရာ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ အခြေအနေ **၇.၃၅%** နှင့် နှိုင်းယှဉ်ပါက တိုးနှုန်းမှာ သိသိသာသာကျဆင်းလာသည်ကို တွေ့ ရှိရပါသည်။

### ၂။ အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း

#### (က) အစားအစာအုပ်စု

ဤအုပ်စုဈေးဆနှုန်းသည် ယခင်နှစ်အလားတူကာလကထက် ၃.၈၀% မြင့်တက်နေပါသည်။ ဆန်ဈေးနှုန်းမှာ ယခင်နှစ် အလားတူ ကာလကထက် ၅.၉၂% မြင့်တက်လာပါသည်။ အလားတူ စားအုန်းဆီ ၄.၃၁%၊ နှမ်းဆီ ၁.၆၀%၊ ဝက်သား ၅.၀၅%၊ ငါးခူ ၁.၆၄%၊ ငါးရံ့ ၁.၇၀%၊ ငါးမြစ်ချင်း ၃.၆၀%၊ ပုစွန်ခြောက် ၄.၆၈%နှင့် ငါးရံ့ ခြောက်၈.၆၅%ဖြင့် ဈေးနှုန်းများ အသီးသီး မြင့်တက်လာကြောင်း တွေ့ ရှိရပါသည်။ မီးဖိုချောင်သုံးပစ္စည်းများတွင် ကြက်သွန်ဖြူ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသိသာသာ ကျဆင်းလာသော်လည်း အာလူး ၀.၈၄%၊ ကြက်သွန်နီ ၉၉.၉၀% နှင့် ကုလားပဲခြမ်း ၆.၅၂% ဖြင့် သိသိသာသာ မြင့်တက် လာပါသည်။

**(ခ) ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ၌ ၁၄၆.၃၆ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၂၄.၇၄ ဖြစ်သောကြောင့် ၁၇.၃၄% ဖြင့် သိသာထင်ရှားစွာ မြင့်တက်လာပါသည်။ ဤအုပ်စုတွင်ပါဝင်သော အရက်နှင့်ဘီယာ (ပြည်တွင်း/ပြည်ပ)၊ ကွမ်းသီး နှင့် ကွမ်းရွက်ဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသိသာသာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

**(ဂ) အဝတ်အထည်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ၌ ၁၁၇.၈၅ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၁၇.၇၄ ဖြစ်သောကြောင့် ၁.၂၇% မြင့်တက်လာကြောင်း တွေ့ ရှိရပါသည်။ ဤအုပ်စုတွင် ပါဝင်သော အမျိုးသမီး/အမျိုးသား ဝတ်လုံချည်၊ ဆွယ်တာဈေးနှုန်းများမှာ ယခင်နှစ်ကထက် အနည်းငယ် မြင့်တက်ခဲ့ပါသည်။

**(ဃ) အိမ်လခနှင့်အိမ်ပြင်ခအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ၌ ၁၃၈.၉၁ ရှိပြီး၊ ယခင်နှစ်၏ဈေးဆနှုန်းမှာ ၁၃၄.၂၃ ဖြစ်သောကြောင့် ၃.၄၈% မြင့်တက်လာပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်ဆောက်ပစ္စည်းများနှင့် ထင်း၊ မီးသွေး ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသည်ကို တွေ့ ရှိရပါသည်။

**(င) အိမ်အသုံးအဆောင်ပစ္စည်းနှင့်ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် နိုဝင်ဘာလ၌ ၁၁၆.၁၄ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၁၃.၃၃ ဖြစ်သောကြောင့် ၂.၄၈% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်အသုံးအဆောင်ပစ္စည်းများ၏ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာခဲ့၍ဖြစ်ပါသည်။

**(စ) ကျန်းမာရေးအုပ်စု**

**ယင်းအုပ်စုဈေးဆန္ဒန်း**မှာ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ၌ ၁၃၆.၃၁ ရှိပြီး၊ ယခင်နှစ်၏ဈေးဆန္ဒန်းမှာ ၁၃၀.၅၄ ဖြစ်သောကြောင့် ၄.၄၂% မြင့်တက်လျက် ရှိပါသည်။ ဆေးဈေးနှုန်းနှင့် ဆေးကုသခစရိတ်များမှာ ယခင်နှစ်ကထက် မြင့်တက် လာခဲ့ကြောင်း တွေ့ ရှိရပါသည်။

**(ဆ) သယ်ယူပို့ ဆောင်ရေးအုပ်စု**

**ယင်းအုပ်စုဈေးဆန္ဒန်းမှာ** ၂၀၁၇ ခုနှစ် နိုဝင်ဘာလ၌ ၁၀၁.၂၈ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆန္ဒန်းမှာ ၉၁.၄၁ ဖြစ်သောကြောင့် ၁၀.၈၀% ဖြင့် သိသိသာသာ မြင့်တက်လာပါသည်။ ယင်းအုပ်စုဈေးဆန္ဒန်းတွင် ပါဝင်သော ဒီဇယ်ဆီဈေးနှုန်း မှာ တစ်ဂါလံလျှင် ၂၉၃၅.၇၆ကျပ် ရှိရာ မှ ယခုနှစ်တွင် ၃၅၉၄.၆၉ကျပ် သို့ မြင့်တက်လာပါသည်။ အလားတူ ဓာတ်ဆီဈေးနှုန်းမှာလည်း တစ်ဂါလံလျှင် ၃၁၀၂.၁၇ကျပ် ရှိရာ မှ ၃၇၃၅.၂၃ကျပ်သို့ သိသိသာသာ မြင့်တက်လာခဲ့၍ ဖြစ်ပါ သည်။

**(ဇ) ဆက်သွယ်ရေးအုပ်စု**

**ယင်းအုပ်စုဈေးဆန္ဒန်းမှာ** ၂၀၁၇ ခုနှစ် နိုဝင်ဘာလ၌ ၁၀၂.၈၀ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆန္ဒန်းမှာ ၉၃.၇၀ ဖြစ်သောကြောင့် ၉.၇၁% မြင့်တက်လာခဲ့ ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကုန်ပစ္စည်းဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသာစွာ မြင့်တက်လာကြောင်း တွေ့ ရှိရပါသည်။

**(ဈ) အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု**

**ယင်းအုပ်စုဈေးဆန္ဒန်းမှာ** ၂၀၁၇ ခုနှစ် နိုဝင်ဘာလ၌ ၁၀၆.၃၁ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆန္ဒန်းမှာ ၁၀၅.၁၆ ဖြစ်သောကြောင့် ၁.၁၀% မြင့်တက်ခဲ့ ပါသည်။

(ည) ပညာရေးအုပ်စု

**ယင်းအုပ်စုဈေးဆနူန်းမှာ** ၂၀၁၇ ခုနှစ် နိုဝင်ဘာလ၌ ၁၂၂.၅၃ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနူန်းမှာ ၁၂၂.၂၄ ဖြစ်သောကြောင့် ၀.၂၄% မြင့်တက် လာခဲ့ပါသည်။

(ဋ) ပြင်ပအစားအသောက်အုပ်စု

**ယင်းအုပ်စုဈေးဆနူန်းမှာ** ၂၀၁၇ ခုနှစ် နိုဝင်ဘာလ၌ ၁၁၆.၁၉ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနူန်းမှာ ၁၀၉.၇၇ ဖြစ်သောကြောင့် ၅.၈၅% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုအတွင်း ပါဝင်သော ကုန်ပစ္စည်းဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်နေကြောင်းတွေ့ ရပါသည်။

(ဌ) အထွေထွေကုန်ပစ္စည်းအုပ်စု

**ယင်းအုပ်စုဈေးဆနူန်းမှာ** ၂၀၁၇ ခုနှစ် နိုဝင်ဘာလ၌ ၁၂၄.၂၀ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနူန်းမှာ ၁၁၉.၈၀ ဖြစ်သောကြောင့် ၃.၆၇% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ရွှေထည်ပစ္စည်းဈေးနှုန်းမှာ ယခင်နှစ်ကထက် ၇.၃၅ % မြင့်တက်ခဲ့၍ဖြစ်ပါသည်။

(ဍ) အစားအစာမဟုတ်သောအုပ်စု

**ယင်းအုပ်စုဈေးဆနူန်းမှာ** ၂၀၁၇ ခုနှစ် နိုဝင်ဘာလ၌ ၁၁၉.၅၁ ရှိပြီး၊ ယခင်နှစ်၏ဈေးဆနူန်းမှာ ၁၁၃.၁၀ ဖြစ်သောကြောင့် ၅.၆၆% မြင့်တက်လာခဲ့ပါသည်။ အစားအစာမဟုတ်သောအုပ်စုတွင်ပါဝင်သော အုပ်စုအားလုံး၏ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသောကြောင့်ဖြစ်ပါသည်။

## ၃။ ဈေးနှုန်းပြောင်းလဲမှုများကိုခြုံငုံသုံးသပ်တင်ပြခြင်း

၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ဖြစ်ပေါ်ခဲ့သော ကုန်ပစ္စည်းဈေးနှုန်း ပြောင်းလဲမှု အခြေအနေများကို အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်။

(က) ယခုလတွင်ဖြစ်ပေါ်ခဲ့သော ဆန်(ဧည့်မထ)ဈေးနှုန်းမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းများ မြင့်တက်နေပြီး၊ ယခင်လနှင့် နှိုင်းယှဉ်ပါကလည်း ဈေးနှုန်းများ မြင့်တက်နေကြောင်း တွေ့ ရပါသည်။ နိုဝင်ဘာလတွင် ဆန်အသစ်ပေါ်ချိန်ဖြစ်၍ ဆန်သစ်ဈေးနှုန်းများ ကျဆင်းလျက်ရှိသော်လည်း ဆန်ဟောင်းများ ဈေးကွက်တွင် နည်းပါးလာသောကြောင့် ဈေးနှုန်းများ မြင့်တက်လျက်ရှိသည်ကို တွေ့ ရှိရပါသည်။

(ခ) စားသုံးဆီအုပ်စုတွင်ပါဝင်သော နှမ်းဆီဈေးနှုန်းများမှာ ယခင်လကထက် အနည်းငယ် မြင့်တက်လာသော်လည်း၊ စားအုန်းဆီဈေးနှုန်းမှာမူ အနည်းငယ် ကျဆင်းလျက်ရှိသည်ကို တွေ့ ရှိရပါသည်။ ယခင်လတွင် ပြည်ပစားအုန်းဆီ ဈေးနှုန်းမှာ မက်ထရစ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၅၁.၅၁ ရှိခဲ့ရာမှ ယခုလတွင် အမေရိကန်ဒေါ်လာ ၆၄၉.၈၈ ဖြစ်သဖြင့် ယခင်လကထက် ၀.၂၅% ကျဆင်းနေသောကြောင့် ပြည်တွင်းစားအုန်းဆီဈေးနှုန်းမှာလည်း အနည်းငယ် ကျဆင်းလာပါသည်။

(ဂ) အသား၊ငါးနှင့်ဥအုပ်စုတွင်ပါဝင်သော ကြက်သား၊ ဝက်သား၊ ကြက်ဥ နှင့် ငါးခြောက် ဈေးနှုန်းများမှာ ယခင်လကထက် မြင့်တက်လာသော်လည်း အချို့ငါးဈေးနှုန်းများမှာ ယခင်လကထက် ကျဆင်းလျက်ရှိပါသည်။ ယခုအချိန်သည် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုမရှိခြင်း၊ အလှူအတန်းပြုလုပ်သူများပြားခြင်း၊ မင်္ဂလာဆောင်ပြုလုပ်သူ များပြားခြင်းတို့ကြောင့် ဝယ်လိုအားများပြားလာပြီး ကြက်သားဈေးနှုန်းများ မြင့်တက်လာပါသည်။ သို့ သော် အင်းအိုင်များ တူးဖော်ချိန် ဖြစ်သောကြောင့် အချို့ငါးဈေးနှုန်းများ ကျဆင်းလာပါသည်။

(ဃ) ဟင်းသီးဟင်းရွက်ဈေးနှုန်းများကို လေ့လာကြည့်ပါက ခရမ်းချဉ်သီးဈေးနှုန်းမှာ ယခင်လကထက် ဆက်လက်မြင့်တက်လာပါသည်။ သို့ ရာတွင်သီးနှံအသစ် ထွက်ပေါ်ချိန်ဖြစ်သောကြောင့် စားဖိုဆောင်သီးနှံဖြစ်သော ကြက်သွန်ဖြူဈေးနှုန်းများ ဆက်လက်ကျဆင်းနေသော်လည်း ကြက်သွန်နီဈေးနှုန်းမှာ သိသိသာသာ မြင့်တက်လျက်ရှိပါသည်။ ကြက်သွန်နီအသစ်ထွက်ရှိနေပြီဖြစ်သော်လည်း၊ အစိုဓာတ်ရှိနေ၍ သုံးစွဲသူနည်းပါးပြီး ကြက်သွန်အဟောင်းကိုသာ သုံးစွဲမှုများသောကြောင့် ဈေးနှုန်းမြင့်တက်နေရခြင်း ဖြစ်ပါသည်။ ကွမ်းရွက်ဈေးနှုန်းများ သိသိသာသာ မြင့်တက်ရခြင်းမှာ ရာသီကူးပြောင်းချိန်တွင် ကွမ်းရွက်များ ပိုးကျ၍ ထွက်ရှိမှုနည်းပါးခြင်းကြောင့် ဖြစ်ပါသည်။ ထို့ပြင် စိုက်ခြံများတွင် ရွက်နုထွက်ချိန် မိုးရွာသွန်းမှုများကြောင့် ကွမ်းခြံများ ပျက်စီးမှုရှိပြီး ဈေးကွက်သို့ ဝင်ရောက်မှုနည်းခြင်းကြောင့် ဈေးနှုန်းမြင့်တက်ရခြင်းဖြစ်ပါသည်။

(င) ယခုလတွင် ဖြစ်ပေါ်ခဲ့သော ရွှေဈေးနှုန်းမှာ ၁၅ပဲရည် တစ်ကျပ်သားလျှင် ၈၇၇၄၇၃ကျပ် ဖြစ်သဖြင့် လွန်ခဲ့သောလကထက် ၀.၁၈% ကျဆင်းလာသော်လည်း၊ လွန်ခဲ့သောနှစ်နှင့် နှိုင်းယှဉ်ပါက ၇.၃၅% ဖြင့် သိသာထင်ရှားစွာ မြင့်တက်လျက်ရှိပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်ထရိုင်အောင်စလျှင် ယခင်လတွင် အမေရိကန်ဒေါ်လာ ၁၂၈၁.၅၃ ရှိရာ မှ ၁၂၈၁.၂၇ သို့ အနည်းငယ်ပြန်လည်ကျဆင်းလာခဲ့ပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်း ကျဆင်းလာခြင်းနှင့်အတူ မြန်မာ့ရွှေဈေးနှုန်းမှာလည်း အနည်းငယ်သာ လိုက်ပါကျဆင်းနေသည်ကို တွေ့ ရှိရပါသည်။

(စ) ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော လောင်စာဆီဈေးနှုန်းများ တွင် ဒီဇယ်ဆီနှင့် ဓာတ်ဆီဈေးနှုန်းမှာ ယခင်လကထက် ဆက်လက် မြင့်တက်လာပါသည်။ ပြည်ပမှ တင်သွင်းသော လောင်စာဆီဈေးနှုန်းများတွင် ဒီဇယ်ဆီ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၉.၁၈ မှ ၇၂.၈၇ သို့ လည်းကောင်း၊ ဓာတ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၇.၈၃ မှ ၇၂.၆၂ သို့ လည်းကောင်း မြင့်တက်လာပါသည်။ ပြည်ပမှ တင်သွင်းသော လောင်စာဆီဈေးနှုန်းများ မြင့်တက်လာသောသောကြောင့် ပြင်ပပုဂ္ဂလိက အရောင်းဆိုင်တွင် ရောင်းဈေးနှုန်းများ မြင့်တက်

လာသည့်အတွက် ပြည်တွင်းလောင်စာဆီဈေးနှုန်းများ မြင့်တက်လာပါသည်။ ထို့ပြင် ပွင့်လင်းရာသီဖြစ်ခြင်းကြောင့် ခရီးသွားလာသူများပြားလာပြီး လောင်စာဆီ အသုံးပြုမှုများလာသောကြောင့် ပြည်တွင်းလောင်စာဆီ ဈေးနှုန်းများ မြင့်တက်လာကြောင်း တွေ့ ရှိရပါသည်။


ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် သဘာဝဘေးအန္တရာယ် ဖြစ်ပွားခဲ့ပြီး နောက်ပိုင်းတွင် စိုက်ပျိုးမြေပျက်စီးခြင်း၊ စိုက်ပျိုးသီးနှံအထွက်နှုန်းလျော့ကျခြင်း၊ ရေကြီးရေလျှံမှုကြောင့် တံတားများ၊ လမ်းများပျက်စီးခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခြင်းများကြောင့် ကုန်စည်စီးဆင်းမှု အခက်အခဲဖြစ်ကာ ကုန်ကြမ်းဈေးနှုန်းများ မြင့်တက်လာခြင်း၊ ပို့ဆောင်ဆက်သွယ်ရေး ခက်ခဲသည့်အတွက် သယ်ယူပို့ဆောင်စရိတ် မြင့်တက်ခြင်း၊ အမေရိကန်ဒေါ်လာငွေလဲလှယ်နှုန်းများ မြင့်မားလာခြင်းကြောင့် သွင်းကုန်ဈေးနှုန်းများ မြင့်တက်လာခြင်း စသည့် အကြောင်းရင်းများကြောင့် ဈေးနှုန်းအပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိပါသည်။

## အပိုင်း(ဂ)

### ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြခြင်း

**၁။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း**

(က) **တစ်နိုင်ငံလုံး**အတွက် ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအပေါ် အခြေခံတွက်ချက်ထားသော ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ အထိ တစ်နှစ်ပျမ်းမျှ ၄.၇၉% ရှိ၍ အောက်တိုဘာလအထိ တစ်နှစ်ပျမ်းမျှ ၄.၇၀ % နှင့် နှိုင်းယှဉ်ပါက အနည်းငယ် ပြန်လည် မြင့်တက်လာပါကြောင်းနှင့် ၂၀၁၇ ခုနှစ် နိုဝင်ဘာလ နှင့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလတို့ ၏ နှစ်အလိုက် ပြောင်းလဲမှုကို နှိုင်းယှဉ်ပါက (Year on Year Inflation) မှာ ၄.၄၇% ဖြစ်သည့်အတွက် ယခင် လကထက် ၀.၄၇% ပိုမိုမြင့်တက်လာကြောင်း တွေ့ ရပါသည်။




(ခ) တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ ကြီး(၃)မြို့ ၏ စားသုံးသူဈေးဆနှုန်းနှင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းကို ဇယား(၂)ဖြင့် တင်ပြထားပါသည်။ ၂၀၁၇ ခုနှစ်

နိုဝင်ဘာလအတွင်း ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ရခိုင်ပြည်နယ်တွင် ၉.၁၁% ဖြင့် အမြင့်ဆုံးဖြစ်ပေါ်ပြီး၊ ကချင်ပြည်နယ်တွင် ၇.၃၂% ဖြင့် ဒုတိယ အမြင့်ဆုံး၊ မန္တလေးမြို့တွင် ၆.၀၄% ဖြင့် တတိယအမြင့်ဆုံး အသီးသီး ဖြစ်ပေါ်လျက်ရှိပါသည်။ နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်းမှာ ရခိုင်ပြည်နယ်တွင် ၉.၆၄%ဖြင့် ပြောင်းလဲမှုအများဆုံးဖြစ်ပေါ်ခဲ့ပြီး၊ ပြည်ထောင်စုနယ်မြေတွင် ၁.၃၃% ဖြင့် ပြောင်းလဲမှုရာခိုင်နှုန်း အနည်းဆုံး ဖြစ်ပေါ်ခဲ့ပါကြောင်း အစီရင်ခံ တင်ပြအပ်ပါသည်။

# ဇယား(၁)တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| COICOP Code | အုပ်စုအမည် | အလေးပေး ရာခိုင်နှုန်း | ၂၀၁၆ ခုနှစ် | ၂၀၁၇ ခုနှစ် | | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (၂၀၁၇ခုနှစ် နိုဝင်ဘာလ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | နိုဝင်ဘာလ | အောက်တိုဘာလ | နိုဝင်ဘာလ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| **(က)** | **စုစုပေါင်းစားသုံးသူဈေးဆနှုန်း** | **၁၀၀.၀၀** | **၁၃၁.၆၀** | **၁၃၅.၇၀** | **၁၃၇.၅၀** | **၁.၃၃** | **၄.၄၇** | **၄.၇၉** |
| **၀၁** | **အစားအစာအုပ်စု** | **၅၈.၅၁** | **၁၄၄.၇၄** | **၁၄၈.၁၁** | **၁၅၀.၂၃** | **၁.၄၃** | **၃.၈၀** | **၄.၈၂** |
| ၀၂ | ဆေးလိပ်နှင့်အဖျော်ယမကာ | ၁.၆၅ | ၁၂၄.၇၄ | ၁၃၂.၅၈ | ၁၄၆.၃၆ | ၁၀.၃၉ | ၁၇.၃၄ | ၃.၄၃ |
| ၀၃ | အဝတ်အထည် | ၃.၂၃ | ၁၁၆.၃၈ | ၁၁၇.၇၄ | ၁၁၇.၈၅ | ၀.၁၀ | ၁.၂၇ | ၂.၁၀ |
| ၀၄ | အိမ်လခနှင့်အိမ်ပြင်ခ | ၈.၀၇ | ၁၃၄.၂၃ | ၁၃၈.၄၀ | ၁၃၈.၉၁ | ၀.၃၆ | ၃.၄၈ | ၅.၀၈ |
| ၀၅ | အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ် | ၂.၃၄ | ၁၁၃.၃၃ | ၁၁၅.၈၇ | ၁၁၆.၁၄ | ၀.၂၄ | ၂.၄၈ | ၁.၅၅ |
| ၀၆ | ကျန်းမာရေး | ၂.၁၃ | ၁၃၀.၅၄ | ၁၃၅.၆၆ | ၁၃၆.၃၁ | ၀.၄၈ | ၄.၄၂ | ၃.၉၃ |
| ၀၇ | သယ်ယူပို့ဆောင်ရေး | ၁၀.၁၃ | ၉၁.၄၁ | ၁၀၀.၀၉ | ၁၀၁.၂၈ | ၁.၁၉ | ၁၀.၈၀ | ၁၀.၀၀ |
| ၀၈ | ဆက်သွယ်ရေး | ၁.၆၂ | ၉၃.၇၀ | ၁၀၂.၇၈ | ၁၀၂.၈၀ | ၀.၀၂ | ၉.၇၁ | ၂.၃၁ |
| ၀၉ | အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှု | ၁.၀၂ | ၁၀၅.၁၆ | ၁၀၆.၁၃ | ၁၀၆.၃၁ | ၀.၁၇ | ၁.၁၀ | ၀.၈၆ |
| ၁၀ | ပညာရေး | ၂.၁၅ | ၁၂၂.၂၄ | ၁၂၂.၅၃ | ၁၂၂.၅၃ | ၀.၀၀ | ၀.၂၄ | ၁.၇၃ |
| ၁၁ | ပြင်ပအစားအသောက် | ၅.၉၅ | ၁၀၉.၇၇ | ၁၁၄.၀၁ | ၁၁၆.၁၉ | ၁.၉၁ | ၅.၈၅ | ၃.၁၉ |
| ၁၂ | အထွေထွေကုန်ပစ္စည်း | ၃.၂၁ | ၁၁၉.၈၀ | ၁၂၄.၀၄ | ၁၂၄.၂၀ | ၀.၁၃ | ၃.၆၇ | ၅.၀၅ |
| | **အစားအစာမဟုတ်သောအုပ်စု** | **၄၁.၄၉** | **၁၁၃.၁၀** | **၁၁၈.၁၉** | **၁၁၉.၅၁** | **၁.၁၂** | **၅.၆၆** | **၄.၇၉** |
| **(ခ)** | **အစားအစာနှင့် လောင်စာဆီ မပါဝင်သော စားသုံးသူ ဈေးဆနှုန်း(Core CPI)** | **၃၄.၂၉** | **၁၁၁.၇၈** | **၁၁၅.၇၇** | **၁၁၆.၄၃** | **၀.၅၇** | ***၄.၁၆** | ***၃.၄၃** |

*** အစားအစာနှင့် လောင်စာဆီ မပါဝင်သော ငွေကြေးဖောင်းပွမှုနှုန်း(Core Inflation)**

# ဇယား(၂)တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း
## (၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အလေးပေးရာခိုင်နှုန်း | ၂၀၁၆ ခုနှစ် | ၂၀၁၇ ခုနှစ် | | ယခင်လနှင့်နှိုင်းယှဉ်လျှင်ပြောင်းလဲသည့်ရာခိုင်နှုန်း | နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၇ ခုနှစ် နိုဝင်ဘာလ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | နိုဝင်ဘာလ | အောက်တိုဘာလ | နိုဝင်ဘာလ | | | |
| (၁) | (၂) | | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁ | ကချင်ပြည်နယ် | ၃.၀၁ | ၁၃၆.၉၄ | ၁၄၀.၀၆ | ၁၃၉.၂၈ | -၀.၅၅ | ၁.၇၁ | ၇.၃၂ |
| ၂ | ကယားပြည်နယ် | ၀.၅၂ | ၁၃၅.၇၂ | ၁၄၁.၇၀ | ၁၄၃.၉၅ | ၁.၅၉ | ၆.၀၆ | ၅.၀၈ |
| ၃ | ကရင်ပြည်နယ် | ၃.၁၂ | ၁၁၉.၅၁ | ၁၂၅.၆၁ | ၁၂၅.၆၇ | ၀.၀၅ | ၅.၁၅ | ၄.၃၈ |
| ၄ | ချင်းပြည်နယ် | ၀.၇၄ | ၁၇၄.၉၇ | ၁၇၉.၉၈ | ၁၈၃.၄၁ | ၁.၉၀ | ၄.၈၂ | ၂.၉၄ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁.၁၀ | ၁၃၁.၁၁ | ၁၃၄.၁၉ | ၁၃၆.၄၉ | ၁.၇၂ | ၄.၁၁ | ၄.၂၉ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂.၈၄ | ၁၁၅.၆၁ | ၁၂၀.၈၈ | ၁၂၁.၆၁ | ၀.၆၀ | ၅.၁၉ | ၅.၃၆ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈.၈၃ | ၁၃၀.၀၃ | ၁၃၃.၉၅ | ၁၃၅.၂၃ | ၀.၉၆ | ၄.၀၀ | ၄.၄၈ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇.၃၃ | ၁၃၄.၄၇ | ၁၃၅.၈၃ | ၁၃၉.၀၆ | ၂.၃၈ | ၃.၄၂ | ၄.၁၉ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁.၀၈ | ၁၂၉.၂၆ | ၁၂၉.၉၄ | ၁၃၂.၉၄ | ၂.၃၁ | ၂.၈၅ | ၄.၆၃ |
| ၁၀ | မွန်ပြည်နယ် | ၅.၁၃ | ၁၂၄.၀၂ | ၁၂၉.၈၅ | ၁၃၁.၀၈ | ၀.၉၄ | ၅.၆၉ | ၅.၄၄ |
| ၁၁ | ရခိုင်ပြည်နယ် | ၄.၅၄ | ၁၅၇.၁၄ | ၁၆၈.၅၅ | ၁၇၂.၃၀ | ၂.၂၂ | ၉.၆၄ | ၉.၁၁ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၇.၄၇ | ၁၂၆.၀၉ | ၁၂၉.၁၅ | ၁၃၀.၅၅ | ၁.၀၈ | ၃.၅၄ | ၃.၄၂ |
| ၁၃ | ရှမ်းပြည်နယ် | ၉.၁၁ | ၁၄၀.၀၅ | ၁၄၄.၁၆ | ၁၄၆.၀၁ | ၁.၂၈ | ၄.၂၆ | ၅.၆၀ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉.၉၀ | ၁၃၀.၀၆ | ၁၃၇.၇၇ | ၁၃၉.၈၇ | ၁.၅၃ | ၇.၅၄ | ၄.၀၂ |
| ၁၅ | ပြည်ထောင်စုနယ်မြေ | ၁.၄၁ | ၁၂၇.၂၅ | ၁၂၆.၆၄ | ၁၂၈.၉၄ | ၁.၈၂ | ၁.၃၃ | ၂.၃၀ |
| ၁၆ | ရန်ကုန်မြို့ | ၁၀.၅၉ | ၁၃၂.၀၁ | ၁၃၅.၄၉ | ၁၃၇.၁၀ | ၁.၁၉ | ၃.၈၅ | ၄.၄၄ |
| ၁၇ | မန္တလေးမြို့ | ၂.၅၈ | ၁၁၉.၂၆ | ၁၂၅.၅၆ | ၁၂၉.၆၄ | ၃.၂၅ | ၈.၇၁ | ၆.၀၄ |
| ၁၈ | နေပြည်တော် | ၀.၆၉ | ၁၂၃.၃၇ | ၁၂၄.၇၇ | ၁၂၈.၄၇ | ၂.၉၆ | ၄.၁၃ | ၃.၀၆ |
| | တစ်နိုင်ငံလုံး | ၁၀၀.၀၀ | ၁၃၁.၆၁ | ၁၃၅.၇၀ | ၁၃၇.၅၀ | ၁.၃၃ | ၄.၄၇ | ၄.၇၉ |

## ဇယား(၃)အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ
## (၂၀၁၇ ခုနှစ် နိုဝင်ဘာလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | ကုန်ပစ္စည်း | အမျိုးအစား | အချိန်အတွယ် | ၂၀၁၇ ခုနှစ် | | ၂၀၁၆ ခုနှစ် နိုဝင်ဘာလ (ကျပ်) | ယခင်လနှင့်နှိုင်းယှဉ် လျှင်ပြောင်းလဲသည့် % | ယခင်နှစ်အလားတူလနှင့်နှိုင်းယှဉ် လျှင်ပြောင်းလဲသည့် % |
|---|---|---|---|---|---|---|---|---|
| | | | | အောက်တိုဘာလ (ကျပ်) | နိုဝင်ဘာလ (ကျပ်) | | | |
| ၁ | ဆန် | ဧည့်မထ (၃၅%) | ပြည် | ၁၃၄၉.၆၃ | ၁၃၈၅.၈၂ | ၁၃၀၈.၃၃ | ၂.၆၈ | ၅.၉၂ |
| ၂ | မြေပဲဆီ | ပြည်တွင်း | ပိဿာ | ၅၂၅၁.၆၇ | ၅၂၅၁.၄၈ | ၅၂၄၄.၅၇ | ၀.၀၀ | ၀.၁၃ |
| ၃ | နှမ်းဆီ | ပြည်တွင်း | ။ | ၅၅၉၈.၁၄ | ၅၆၄၈.၄၅ | ၅၅၅၉.၆၃ | ၀.၉၀ | ၁.၆၀ |
| ၄ | စားအုန်းဆီ | နိုင်ငံခြား | ။ | ၂၁၄၅.၄၃ | ၂၁၄၄.၆၈ | ၂၀၅၆.၁၂ | -၀.၀၃ | ၄.၃၁ |
| ၅ | ကြက်သား | အကောင်လိုက် | ပိဿာ | ၆၆၂၀.၉၃ | ၆၇၄၈.၀၆ | ၆၉၀၀.၄၀ | ၁.၉၂ | -၂.၂၁ |
| ၆ | ဝက်သား | ပေါင်သား | ။ | ၈၇၂၇.၇၄ | ၈၈၁၁.၆၄ | ၈၃၈၇.၉၃ | ၀.၉၆ | ၅.၀၅ |
| ၇ | အမဲသား | အရိုးလွတ် | ။ | ၁၀၅၄၆.၉၅ | ၁၀၅၄၄.၆၀ | ၁၀၅၃၅.၃၈ | -၀.၀၂ | ၀.၀၉ |
| ၈ | ဘဲဥ | အလတ်စား | ၁၀လုံး | ၁၆၂၃.၉၁ | ၁၆၂၃.၄၈ | ၁၆၃၄.၇၀ | -၀.၀၃ | -၀.၆၉ |
| ၉ | ကြက်ဥ | ။ | ။ | ၁၁၆၅.၃၂ | ၁၁၇၀.၅၆ | ၁၂၉၉.၄၀ | ၀.၄၅ | -၉.၉၁ |
| ၁၀ | ငါးခူ | အလတ်စားအရွယ် | ပိဿာ | ၇၆၃၄.၀၈ | ၇၄၅၈.၁၀ | ၇၃၃၇.၅၇ | -၂.၃၀ | ၁.၆၄ |
| ၁၁ | ငါးရံ့ | ။ | ။ | ၇၇၈၃.၀၇ | ၇၇၆၄.၅၅ | ၇၆၃၄.၇၂ | -၀.၂၄ | ၁.၇၀ |
| ၁၂ | ငါးမြစ်ချင်း | ။ | ။ | ၄၅၈၈.၂၄ | ၄၅၄၅.၂၅ | ၄၃၈၇.၄၄ | -၀.၉၄ | ၃.၆၀ |
| ၁၃ | ပုစွန်ခြောက် | ။ | ။ | ၂၇၈၈၁.၉၇ | ၂၇၈၉၀.၅၆ | ၂၆၆၄၂.၅၅ | ၀.၀၃ | ၄.၆၈ |
| ၁၄ | ငါးရံ့ခြောက် | ။ | ။ | ၂၇၃၃၈.၆၁ | ၂၇၄၅၀.၀၀ | ၂၅၂၆၄.၃၅ | ၀.၄၁ | ၈.၆၅ |
| ၁၅ | ရေကျိုငါးပိ | သုံးဦးစပ် | ပိဿာ | ၃၁၆၆.၉၆ | ၃၁၇၇.၂၃ | ၃၁၂၇.၁၁ | ၀.၃၂ | ၁.၆၀ |
| ၁၆ | ခရမ်းချဉ်သီး | | ။ | ၁၄၄၀.၂၅ | ၁၅၉၉.၅၈ | ၂၀၀၂.၁၀ | ၁၁.၀၆ | -၂၀.၁၁ |
| ၁၇ | ကုလားပဲခြမ်း | | ။ | ၃၂၀၇.၂၃ | ၃၂၂၄.၈၉ | ၃၀၂၇.၄၁ | ၀.၅၅ | ၆.၅၂ |
| ၁၈ | အာလူး | အလတ်စားအရွယ် | ။ | ၁၀၈၀.၆၉ | ၁၀၉၈.၉၈ | ၁၀၈၉.၈၀ | ၁.၆၉ | ၀.၈၄ |
| ၁၉ | ကြက်သွန်ဖြူ | ဥတစ်လုံး | ။ | ၄၄၂၃.၁၉ | ၄၃၆၁.၆၀ | ၅၁၁၂.၂၀ | -၁.၃၉ | -၁၄.၆၈ |
| ၂၀ | ကြက်သွန်နီ | ဥကြီး | ။ | ၂၅၉၃.၉၅ | ၂၈၉၅.၇၇ | ၁၄၄၈.၆၀ | ၁၁.၆၄ | ၉၉.၉၀ |
| ၂၁ | လုံချည် | ၂/၆၄-ကျားဝတ် | ထည် | ၄၆၇၁.၂၅ | ၄၆၇၄.၄၆ | ၄၆၅၅.၄၆ | ၀.၀၇ | ၀.၄၁ |
| ၂၂ | သားရေဖိနပ် | အလတ်စား | ရံ | ၅၀၅၂.၁၆ | ၄၉၉၅.၃၅ | ၅၀၅၈.၂၄ | -၁.၁၂ | -၁.၂၄ |
| ၂၃ | ရွှေထည်ပစ္စည်း | ၁၅ပဲရည် | ကျပ်သား | ၈၇၉၀၇၄.၆၇ | ၈၇၇၄၇၃.၂၈ | ၈၁၇၄၀၉.၄၆ | -၀.၁၈ | ၇.၃၅ |
| ၂၄ | ထင်း | | ပိဿာ | ၂၉၆.၁၇ | ၂၉၆.၁၇ | ၂၈၇.၇၅ | ၀.၀၀ | ၂.၉၃ |
| ၂၅ | မီးသွေး | | ။ | ၅၉၅.၇၃ | ၅၉၅.၇၃ | ၅၇၃.၄၉ | ၀.၀၀ | ၃.၈၈ |
| ၂၆ | ဖယောင်းတိုင် | ၃၂-တိုင် | ထုပ် | ၄၀၃.၇၄ | ၄၀၃.၇၄ | ၃၉၃.၅၆ | ၀.၀၀ | ၂.၅၉ |
| ၂၇ | ဘတ်စ်ကားခ | မြို့တွင်း | - | ၉၁၀.၂၃ | ၉၁၁.၉၉ | ၁၀၁၆.၁၈ | ၀.၁၉ | -၁၀.၂၅ |
| ၂၈ | ဒီဇယ်ဆီ | | ဂါလံ | ၃၄၄၈.၀၇ | ၃၅၉၄.၆၉ | ၂၉၃၅.၇၆ | ၄.၂၅ | ၂၂.၄၅ |
| ၂၉ | ဓာတ်ဆီ | | ဂါလံ | ၃၆၁၄.၆၄ | ၃၇၃၅.၂၃ | ၃၁၀၂.၁၇ | ၃.၃၄ | ၂၀.၄၁ |

## ဇယား(၄)တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန်းနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၆ ခုနှစ် | | ၂၀၁၇ ခုနှစ် | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ |
| စားသုံးသူဈေးဆန်းနှုန်း(CPI) | ၁၃၁.၆၁ | ၁၃၂.၃၉ | ၁၃၂.၄၁ | ၁၃၂.၇၃ | ၁၃၁.၉၆ | ၁၃၂.၀၇ | ၁၃၂.၄၂ | ၁၃၂.၅၈ | ၁၃၂.၈၆ | ၁၃၃.၂၇ | ၁၃၄.၄၃ | ၁၃၅.၇၀ | ၁၃၇.၅၀ |
| စားသုံးသူဈေးဆန်းနှုန်း(Core CPI) | ၁၁၁.၇၈ | ၁၁၂.၉၃ | ၁၁၂.၈၅ | ၁၁၂.၈၉ | ၁၁၃.၅၀ | ၁၁၃.၆၄ | ၁၁၃.၇၁ | ၁၁၃.၇၇ | ၁၁၄.၆၂ | ၁၁၅.၄၅ | ၁၁၅.၈၂ | ၁၁၅.၇၇ | ၁၁၆.၄၃ |

# ဇယား(၅)တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၆ ခုနှစ် | | ၂၀၁၇ ခုနှစ် | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation) | ၃.၄၇ | ၆.၅၅ | ၇.၇၆ | ၇.၉၉ | ၇.၀၀ | ၄.၇၄ | ၃.၉၀ | ၂.၉၂ | ၂.၃၀ | ၂.၄၀ | ၃.၄၀ | ၄.၀၀ | ၄.၄၇ |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Core Inflation) | ၂.၉၆ | ၃.၄၇ | ၃.၀၉ | ၂.၇၆ | ၃.၁၆ | ၃.၂၀ | ၂.၉၀ | ၂.၈၁ | ၃.၆၈ | ၄.၀၀ | ၃.၉၆ | ၄.၀၁ | ၄.၁၆ |